Message Six

## ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၂၁း၁၅-၁၇။ ၁ပေ၊၅း၂။ ၂း၂၅။ ဧ၊၄း၁၂-၁၆

**I. ထိန်းကျောင်းခြင်းသည် သိုးတော်စုကို အရာအားလုံးပါဝင်သော နူးညံ့သည့်ဂရုစိုက်ခြင်းဖြစ်သည် - ယော၊၂၁း၁၅-၁၇။ တ၊ ၂၀း၂၈။**

A. ထိန်းကျောင်းခြင်းသည် သိုးများ၏လိုအပ်မှုအားလုံးအတွက် ဂရုစိုက်ခြင်းကို ရည်ညွှန်းသည်။

B. သိုးများအားလုံးသည် ကောင်းစွာမစပေးခြင်းနှင့် ကောင်းစွာဂရုစိုက်စောင့်ရှောက်ပေးခြင်းကို လိုအပ်နေသည်။

**II. ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ထိန်းကျောင်းခြင်းကို အရေးတကြီး လိုအပ်နေသည် - ယော၊၂၁း၁၆။ ၁ပေ၊၅း၂။**

A. ကိုယ်တော်၏အသက်ဆိုင်ရာ ကယ်တင်ခြင်း၌ ခမည်းတော်ဘုရားသည် ဝိညာဉ်တော်ဘုရားအားဖြင့် ကျွန်ုပ်တို့ကို အသစ်မွေးဖွားပေးပြီး၊ ထိုနောက် ကျွန်ုပ်တို့၏သိုးထိန်းအဖြစ် သားတော်ဘုရား၌ ကျွန်ုပ်တို့ကို ထိန်းကျောင်းနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဖြစ်တည်၍ ထာဝရအတွက် ကိုယ်တော်၏အသက်၌ ကြီးထွားခြင်း ရှိနိုင်မည်ဖြစ်သည် - ယော၊၃း၆။ ၁၀း၁၀၊ ၁၄-၁၆။

B. ယုံကြည်သူများကို ထိန်းကျောင်းခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ကြီးရင့်ခြင်းသို့တိုင် ဘုရားဆိုင်ရာအသက်၌ သူတို့၏ကြီးထွားခြင်းအတွက် အရေးကြီးလှသည် - ဧ၊၄း၁၂-၁၆။

**III. ထိန်းကျောင်းခြင်းသည် သွန်သင်ခြင်းအပေါ် မူတည်သည်။ ကျွန်ုပ်တို့သည် မသွန်သင်နိုင်လျှင် ကျွန်ုပ်တို့ထိန်းကျောင်းခြင်းမပြုနိုင်ပါ - မ၊၂၈း၁၉-၂၀။ ၉း၃၅-၃၆။**

A. ထိန်းကျောင်းခြင်းနှင့် သွန်သင်ခြင်းသည် အတူတကွ သွားနေသည် - ဧ၊၄း၁၁။

B. ကျွန်ုပ်တို့၏ထိန်းကျောင်းခြင်းသည် သွန်သင်ခြင်းနှင့်အတူ အမြဲဒွန်တွဲသင့်ပြီး၊ ကျွန်ုပ်တို့၏သွန်သင်ခြင်းသည် ထိန်းကျောင်းခြင်းနှင့် အမြဲဒွန်တွဲသင့်ပါသည် - တ၊၂း၄၂။ ၂၀း၂၈။ ကော၊၁း၂၈။

**IV. ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းအဖြစ် သိကျွမ်းကာ တွေ့ကြုံခံစားရန် လိုအပ်သည် - ၁ပေ၊ ၂း၂၅။**

A. ကျွန်ုပ်တို့စိတ်များ၏ သိုးထိန်းအနေဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၏အတွင်းပိုင်းအခြေအနေကို ကြည့်ရှုစောင့်ထိန်းပြီး၊ ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်း အခြေအနေကို ဂရုစိုက်ပေးသည်။

1. ခရစ်တော်၏ ရှင်သန်သော ထိန်းကျောင်းခြင်းသည် ကျွန်ုပ်တို့၏စိတ်ကို အဓိက ဂရုစိုက်ခြင်းဖြစ်သည် - ဆာ၊၂၃း၃။
2. ကိုယ်တော်သည် ကျွန်ုပ်တို့၏စိတ် ကောင်းကျိုးအတွက် ဂရုစိုက်ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အခြေအနေကို ခြုံငုံကြည့်ရှုစောင့်ထိန်းခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကို ထိန်းကျောင်းနေသည် - ညွှန်း၊ ဟေဗြဲ၊၁၃း၁၇။
3. ဤသို့သော ထိန်းကျောင်းခြင်းသည် အတွင်းဆိုင်ရာ၊ ပင်ကိုမူလဆိုင်ရာ၊ ရှင်သန်ခြင်းဆိုင်ရာ နှစ်သိမ့်သက်သာစေခြင်းဖြစ်သည် - ၂ကော၊၁း၃-၄။

B. ကျွန်ုပ်တို့၏စိတ်သည် အလွန်ပင ရှုတ်ထွေးသောကြောင့် ကျွန်ုပ်တို့ဝိညာဉ်၌ အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်ကို ကျွန်ုပ်တို့၏စိတ်၌ ကျွန်ုပ်တို့ကို ထိန်းကျောင်းစေရန်၊ ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒကို ဂရုစိုက်ပြီး၊ ကျွန်ုပ်တို့၏ပြဿနာများ၊ လိုအပ်ချက်များ၊ ဒဏ်ရာများအားလုံးကို ဂရုစိုက်စေရန် လိုအပ်သည် - ယော၊၁၄း၁၆-၁၇။ ၁ကော၊ ၁၅း၄၅ခ။ ၆း၁၇။

1. ကျွန်ုပ်တို့၏ချုပ်မက်တစ် သိုးထိန်းအနေဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်အတွင်းမှ ကျွန်ုပ်တို့ကို ဂရုစိုက်နေသည်။
    a. ကိုယ်တော်၏ထိန်းကျောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်မှအစပြုကာ၊ ကျွန်ုပ်တို့စိတ်၏ အပိုင်းအားလုံးသို့ ပျံ့နှံ့သွားသည် - ဧ၊၃း၁၇။

b. ကျွန်ုပ်တို့၏ဝိညာဉ်မှ ခရစ်တော်သည် ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းများအားလုံးသို့ ရောက်ရှိသွားကာ၊ ကျွန်ုပ်တို့ကို နူးညံ့သော၊ ရှင်သန်သော၊ အရာအားလုံးပါဝင်သောနည်းလမ်း၌ ဂရုစိုက်နေသည် - ၁သက်၊၅း၂၃။

2. ဤအရာသည် ကိုယ်တော်၏ အသစ်မွေးဖွားခံ ယုံကြည်သူများနှင့်အတူ ပေါင်းစည်းခြင်းနှင့် ပေါင်းစည်းပါဝင်ခြင်းရှိသည့် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား၏ အတွင်းပိုင်း ထိန်းကျောင်းခြင်း ဖြစ်သည် - ၂ကော၊၁၃း၁၄။ ယော၊၃း၆။ ၁၄း၂၀။ ရော၊၈း၁၆။

## V. ဘုရားသခင်၏သိုးတော်စုကို ထိန်းကျောင်းသောသူတို့သည် ဘုရားသခင်အတိုင်း ထိန်းကျောင်းသင့်ပါသည် - ၁ပေ၊၅း၂။ ဖိ၊၁း၂၈။

A. ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်းမှာ ဘုရားသခင်၏ သဘောသဘာဝ၊ အလိုဆန္ဒ၊ နည်းလမ်းနှင့် ဘုန်းတော်အတိုင်း ထိန်းကျောင်းခြင်းဖြစ်ကာ၊ ကျွန်ုပ်တို့၏ ရည်ညွှန်းချက်၊ စိတ်ဝင်စားမှု၊ ရည်ရွယ်ချက်နှင့် ပင်ကိုစိတ်အတိုင်း ထိန်းကျောင်းခြင်း မဟုတ်ပါ - ၂ပေ၊၁း၄။ ဧ၊၁း၅၊ ၉။ ၃း၂၁။ ယော၊၁၄း၆။

B. ၁ပေတရု ၅း၂ ရှိ *ဘုရားသခင်အတိုင်း* ဟူသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အသက်ရှင်ကြကြောင်း ဆိုလိုသည်။ ဘုရားသခင်ကို အသက်ရှင်သောသူတို့သာလျှင် ဘုရားသခင်အတိုင်း ထိန်းကျောင်းနိုင်ပေသည်။

1. ဘုရားသခင်၏စီမံကိန်းသည် ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင်ကို လုပ်ဆောင်ရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ချစ်ရန်အလို့ငှာ ကျွန်ုပ်တို့၏အသက်နှင့် အသက်မစရာအဖြစ် ကိုယ်တော်ကို လက်ခံရရှိနိုင်မည်ဖြစ်သည် - ယော၊၁၁း၂၅။ ၆း၄၈၊ ၅၇။

2. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ၌ ပါဝင်ဆက်ဆံကြသည်၊ သို့မှသာ ကျွန်ုပ်တို့၏ လူသားဇာတိ၌ ဘုရားသခင်ကို ကျွန်ုပ်တို့အသက်ရှင်နိုင်မည်ဖြစ်သည် - ဂလ၊၂း၂၀။

C. ဘုရားသခင်အတိုင်း ထိန်းကျောင်းရန်အလို့ငှာ ကျွန်ုပ်တို့သည် ဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လုပ်ဆောင်ခြင်းတို့၌ ဘုရားသခင်ဖြစ်လာရန် လိုအပ်သည် - ကော၊၃း၄။ ၂ပေ၊၁း၄။

1. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်ဖြင့် ပြည့်လျှံစွာ ဖြည့်ခြင်းခံ၍၊ ဘုရားဆိုင်ရာအသက်၏စုစုပေါင်းသာမက၊ ဘုရားဆိုင်ရာအသက်ကိုယ်တိုင် ဖြစ်လာသည့်တိုင် သုံးပါးတစ်ပါးဘုရားကို စမ်းရေတွင်း၊ စမ်းရေပေါက်နှင့် မြစ်ရေအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ယော၊၄း၁၄။ ကော၊၃း၄။

2. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း ဂုဏ်အင်္ဂါများ၌ ဘုရားသခင်ဖြစ်လာရန် လိုအပ်သည် - ၁ယော၊၄း၈။ ၁း၅။ ရော၊၃း၂၁၊ ၂၅-၂၆။ ဧ၊၁း၄။ ၅း၂၇။ ၁ပေ၊၁း၁၅-၁၆။

3. ကျွန်ုပ်တို့သည် ဘုရားသခင်၏ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်၏ပုံတူမူပွား ဖြစ်ရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့၏ ထိန်းကျောင်းခြင်း၌ ကျွန်ုပ်တို့သည် အတ္တနှင့်အတူ ၎င်း၏ပင်ကိုစိတ်နှင့် တမူထူးခြားခြင်းများကို မထင်ရှားဘဲ၊ ဘုရားသခင်ကို ထင်ရှားနိုင်မည်ဖြစ်သည် - ရော၊၈း၁၉၊၂၉။ ၂ကော၊၃း၁၈။ မ၊၁၆း၂၄။

4. ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်သည့်အတိုင်းနှင့် ကိုယ်တော်၏စီမံကိန်းပန်းတိုင်အတိုင်း ဘုရားသခင်၏ သိုးစုကို ကိုယ်တော်၏ ထိန်းကျောင်းခြင်းလုပ်ဆောင်ချက်၌ ဘုရားသခင်ဖြစ်လာရန် လိုအပ်သည် - ဧ၊၁း၁၀။

D. ကျွန်ုပ်တို့သည် ဘုရားသခင်အတိုင်း ထိန်းကျောင်းလိုလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည် - ယော၊၁၄း၂၀။ ၁ကော၊၆း၁၇။

1. သမ္မာကျမ်းစာ၏ အခြေခံမူအလေ့အလာမှာ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်သည် လူနှင့် တစ်လုံးတစ်ဝဖြစ်ရန်နှင့် လူကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်စေရန် လုပ်ဆောင်ခြင်း ဖြစ်သည် - ယော၊၁၅း၄။ ၁ကော၊၆း၁၇။

2. ဘုရားသခင်သည် ဘုရားဆိုင်ရာအသက်နှင့် လူသားဆိုင်ရာအသက်ကို အသက်ရှင်ခြင်းတစ်ခုတည်းရှိသော တစ်ခုတည်းသောအသက်ဖြစ်လာစေရန် အတူတကွ ပေါင်းစည်းဆက်နွှယ်စေဖို့ အလိုတော်ရှိသည် - ယော၊၆း၅၇။ ဂလ၊၂း၂၀။

3. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သောအခါ ကျွန်ုပ်တို့သည် အသက်နှင့် သဘောသဘာဝ၌ ဘုရား ဖြစ်လာကြပြီး၊ အခြားသူများကို ထိန်းကျောင်းခြင်း၌ ဘုရားဖြစ်လာကြသည် - ၁ယော၊၅း၁၁-၁၂။ ၂ပေ၊၁း၄။ ၁ပေ၊၅း၂။

**VI. ဘုရားသခင်အတိုင်း ထိန်းကျောင်းရန်အလို့ငှာ ကျွန်ုပ်တို့သည် ထိန်းကျောင်းခြင်းအသက်တာကို အသက်ရှင်ရန် လိုအပ်သည် - ယော၂၁း၁၅-၁၇။ ၂ကော၊၆း၁-၁၃။ ၇း၂-၃။**

A. ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းရှိလေလေ၊ ထိန်းကျောင်းခြင်းအသက်တာကို အလိုအလျောက် ကျွန်ုပ်တို့ အသက်ရှင်လေလေဖြစ်သည်၊ အကြောင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအသက်၌ရှိသော ခရစ်တော်၏ စေ့စပ်ထုံးဖွဲ့မှုသည် ထိန်းကျောင်းခြင်းသွင်ပြင် ရှိသောကြောင့်တည်း - ကော၊၁း၂၇။ ၃း၁၀-၁၁၊ ၁၄။ ယော၂၁း၁၅-၁၇။

B. ထိန်းကျောင်းခြင်းအသက်တာရှိရန် အလို့ငှာ ကျွန်ုပ်တို့သည် ကြီးမားကျယ်ပြန့်သောစိတ်နှလုံး၊ ဘုရားသခင်၏လူများအားလုံးကို ထွေးပွေ့နိုင်သော စိတ်နှလုံးကို လိုအပ်သည် - ၂ကော၊၆း၁၁-၁၃။ ၇း၂-၃။ ညွှန်း၊ ၁ဘုရင်၊၄း၂၉။

C. ထိန်းကျောင်းခြင်းအသက်တာသည် ခရစ်တော်၏ကြွယ်ဝခြင်းများဖြင့် ခရစ်တော်၏ ဘုရားဇာတိ၌ အခြားသူများကို ပြုစုကျွေးမွေးရန် ယေရှု၏လူသားဇာတိ၌ သူတို့ကို ပြုစုယုယခြင်းအားဖြင့် သူတို့ကို တက်ကြွလာစေခြင်းဖြစ်သည် - ဧ၊၅း၂၉။ သု၊၂၅း၁၅။

D. ထိန်းကျောင်းခြင်းအသက်တာသည် အလုံးစုံဝင်ဆံ့သောအသက်တာ၊ အခြေအနေအားလုံးတွင် ဝင်ဆံ့နိုင်သော၊ မည်သည့်ပတ်ဝန်းကျင်များကိုမဆို လက်ခံနိုင်သော၊ မည်သည့်အခြေအနေအောက်မှာမဆို လုပ်ဆောင်နိုင်သော အသက်တာဖြစ်သည် - ၂ကော၊၆း၁-၁၃။ ၇း၂-၃။

E. ကျွန်ုပ်တို့သည် ဘုရားသခင်၏သိုးတော်စုကို ခမည်းတော်ဘုရား၏ ချစ်တတ်သော၊ နူးညံ့သော စိတ်နှလုံးအတိုင်းသော်လည်းကောင်း၊ ကျွန်ုပ်တို့ကယ်တင်ရှင် ခရစ်တော်၏ ရှာဖွေသော၊ ထိန်းကျောင်းသော ဝိညာဉ်အတိုင်းသော်လည်းကောင်း ထိန်းကျောင်းရန် လိုအပ်သည် - လု၊၁၅း၁-၃၂။

**VII. ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်သော ထိန်းကျောင်းခြင်းသည် အပြန်အလှန်ထိန်းကျောင်းခြင်း ဖြစ်သည် - ၁ကော၊ ၁၂း၂၃-၂၆။**

A. ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ ရှင်သန်သော ထိန်းကျောင်းခြင်းအောက်၌ ရှိရန်နှင့် အချင်းချင်းကို ထိန်းကျောင်းဖို့ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည် - ယော၂၁း၁၅-၁၇။

B. ကျွန်ုပ်တို့သည် သိုးများနှင့် သိုးထိန်းများ နှစ်ခုလုံးဖြစ်ကြကာ၊ အပြန်အလှန်ဖြစ်ခြင်း၌ ထိန်းကျောင်းခြင်းနှင့် ထိန်းကျောင်းခံရခြင်း ရှိကြသည်။

C. အပြန်အလှန်ထိန်းကျောင်းခြင်း၌ ကျွန်ုပ်တို့သည် မေတ္တာ၌ အချင်းချင်း ထိန်းကျောင်းခြင်းရှိကြသည် - ၁ကော၊၁၃း၁-၁၃။

D. ဤအပြန်အလှန်ထိန်းကျောင်းခြင်းမှတဆင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်သည် မေတ္တာ၌ မိမိကိုယ်ကို တည်ဆောက်လိမ့်မည်ဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။ ၄း၁၆။

*© 2023 Living Stream Ministry*